# ပထမအကြိမ် ပြည်သူ့လွှတ်တော်

## စတုတ္ထပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ အစီအစဉ်

## (၃၀-၈-၂၀၁၂) [ ကြာသပတေးနေ့ ]

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၃၆ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအောင်သန့်၊ ပုသိမ်ကြီး မဲဆန္ဒနယ်၏ ဇီဝလောင်စာနှင့်ပတ်သတ်ပြီး မိမိတို့နိုင်ငံအနေဖြင့် ဆောင်ရွက်နေမှု၊ ထုတ်လုပ်မှု၊ ရှေ့ဆက်လက်ဆောင်ရွက်နိုင်မည့် အစီအမံများ၊ အလားအလာများနှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ်၏ နိုင်ငံရေး ပင်စင်ခံစားခွင့် ဆောင်ရွက်ပေးမှု အခြေအနေကို သိရှိလိုကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ ကြံတောင်သူများနှင့် ကိုင်းတောင်သူများ၏ စိုက်ပျိုးစရိတ်ချေးငွေကိစ္စ ဆောင်ရွက်ပေးပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ အောက်ခြေတောင်သူလယ်သမားများအတွက် မြေလွတ်၊ မြေရိုင်းလုပ်ကိုင်ခွင့်နှင့် အခွန်ပြေစာလျှောက်ထားမှုလယ်မြေကို အခြားနည်း အသုံးပြုခွင့် (၃၉) နှင့် ပုံစံ (၁၀၅) လျှောက်ထားမှု၊ ဥယျာဉ်ခြံမြေ၊ ဂရန်လျှောက်ထားမှုတို့ကို မြန်ဆန်အောင်မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုသည်နှင့် စပ်လျဉ်းသည့်မေးခွန်း။

(င) ဦးခင်ဝင်း၊ ပန်းတောင်း မဲဆန္ဒနယ်၏ ရန်ကုန် - ပြည် ရေဝတီ သင်္ဘောလေးများ တစ်ပတ်လျှင် တစ်ရက်သာ ပြေးဆွဲနေမှုကို တိုးမြှင့် ပြေးဆွဲပေးနိုင်ခြင်း ရှိ/ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဒေါက်တာ တင်မောင်ကြိုင်၊ ကြံခင်း မဲဆန္ဒနယ်၏ ပြည်မြို့နှင့် ခနေဖြူမြို့ကြား ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မော်တော်များ ရေလမ်းကြောင်းပိတ်၍ မြစ်ကျောက်များ ထုတ်လုပ်နေမှုကို မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်ကို သိလိုသည်နှင့် စပ်လျဉ်းသည့် မေးခွန်း

၆။ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော **"မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၇ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။